ကေအဲန်ယူ- ကရင်အမျိုးသားအစည်းအရုံး
ဗဟိုဌာနချုပ်
ကော်သူးလေ
www.knuhq.com

## ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး မှ ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ် (SNLD) ၏ နိုင်ငံလုံးဆိုင်ရာ ညီလာခံသို့ ပေးပို့သော သဝဏ်လွှာ

ရက်စွဲ။ ။ မေလ(၂၆)ရက်နေ့၊ ၂၀၂၂ ခုနှစ်။

ယနေ့ ၂၀၂၂ ခုနှစ်၊ မေလ(၂၆)ရက်နေ့တွင် ကျင်းပပြုလုပ်သော ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်၏ နိုင်ငံလုံး ဆိုင်ရာ ညီလာခံ အခါသမယတွင် ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်၏ ခေါင်းဆောင်ကိုယ်စားလှယ်များ အားလုံး နှင့် ရှမ်းအမျိုးသားများအားလုံး ကျန်းမာချမ်းသာရွှင်လန်းပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ရှမ်းလူမျိုးများအကျိုးကိုဆောင်ရွက်ရန်အတွက် ၁၉၈၈ ခုနှစ် အောက်တိုဘာလ ၂၆ ရက်နေ့တွင် စတင်ဖွဲ့စည်းခဲ့ပြီး ဒီမိုကရေစီစနစ် နှင့်အညီ ကျင့်သုံးသော ဖက်ဒရယ်ပြည်ထောင်စုစနစ် ထူထောင်ရေး ဆိုသည့် ပါတီမူဝါဒ နှင့်အညီ ကြိုးစားရပ်တည် ဆောင်ရွက်လာခဲ့သည်မှာ (၃၄)နှစ်ပြည့်မြောက်တော့မည် ဖြစ်သည်။ ရှမ်းအမျိုးသားများ ဒီမိုကရေစီ အဖွဲ့ချုပ်သည် ရှမ်းအမျိုးသားများအတွက် ပါတီနိုင်ငံရေးအရ ဦးဆောင်မှုပြုနေသော နိုင်ငံရေးပါတီဖြစ်သည့်အတွက် မိမိတို့ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံးမှ အထူးလေးစားတန်ဘိုးထားပါသည်။

ပါတီသက်တမ်းကာလတလျှောက်တွင် မှားယွင်းသည့် အစိုးရတို့၏ ဆောင်ရွက်မှုတို့ကို တွေ့ရှိပါက ရဲရဲပွံ့ပွံ့ ဆန့်ကျင်ခဲ့ သည့် ပါတီလည်း ဖြစ်သည်။ နဝတအစိုးရလက်ထက် ကျင်းပပြုလုပ်သော အတုအယောင်အမျိုးသားညီလာခံမှ ၂၀၀၄ ခုနှစ် မေလ(၁၄)ရက်နေ့တွင် နှုတ်ထွက်ခဲ့ခြင်းသည် သိသာထင်ရှားသည့် ရပ်တည်ချက်ဖြစ်သည်။

အမျိုးသားရေးအတွက် မှန်ကန်သည့် ရပ်တည်ဆောင်ရွက်မှုများ လုပ်ဆောင်ခြင်းကိုလည်း ရဲရဲပွံ့ပွံ့ လုပ်ဆောင်ခဲ့ သည်။ ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလ (၇)ရက် နေ့တွင် ရှမ်းအမျိုးသားများအတွက်သော်လည်းကောင်း ရှမ်းပြည်အတွက် သော်လည်းကောင်း အထူးလိုအပ်သည့် ရှမ်းပြည်အတိုင်ပင်ခံကောင်စီ ဖွဲ့စည်းခြင်းကို ဦးဆောင်ပါဝင်ခဲ့သည့်အတွက် ပါတီခေါင်းဆောင် များတို့ကို အမျိုးသားညီလာခံအား ဖျက်ဆီးနှောင့်ယှက်သူများ ဘေးအန္တရာယ်မှ ကာကွယ်သည့် ဥပဒေပုဒ်မအပြင် နိုင်ငံတော်ပုန်ကန်မှု၊ နိုင်ငံတော်အကြည်အညိုပျက်စေမှု စသည့် ဥပဒေပုဒ်မပေါင်းများစွာဖြင့် ဖမ်းဆီးခြင်း ကို ခံခဲ့ရသည့် ပါတီခေါင်းဆောင်များတို့၏ ပေးဆပ်မှုများတို့သည် အထူးလေးစားဂုဏ်ယူပါသည်။

ပါတီနိုင်ငံရေး၏ လိုအပ်ချက်တရပ်ဖြစ်သော တိုင်းရင်းသားလူမျိုးများတို့၏ နိုင်ငံရေးစုစည်းမှု အားကို ရယူရန် နှင့် တိုင်းရင်းသားနိုင်ငံရေးပါတီများအကြား ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးကို ရည်ရွယ်ထားရှိသည့် စည်းလုံး ညီညွတ်သော တိုင်းရင်းသားလူမျိုးများမဟာမိတ် အဖွဲ့(UNA)ကို ဦးဆောင်ဖွဲ့စည်းခဲ့ပြီး နအဖစစ်အစိုးရလက်ထက် နိုင်ငံရေး ပါတီ အများစု ဖျက်သိမ်းခံခဲ့ရချိန်တွင်လည်း SNLD သည် UNA အပေါ် မားမားမတ်မတ်ရပ်တည်လျက် ဦးဆောင်မှုပေးခဲ့ခြင်းသည်လည်း တိုင်းရင်းသားနိုင်ငံရေးပါတီများအတွက် အားအင်များဖြစ်ပေါ် ရရှိစေခဲ့ပါသည်။

၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင်ဖြစ်စေ၊ ၂၀၂၀ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင်ဖြစ်စေ ရှမ်းပြည်တွင်ဖြစ်စေ ရှမ်းပြည်၏ပြင်ပတွင်ဖြစ်စေ SNLD ပါတီခေါင်းဆောင်အများစုကို ရှမ်းအမျိုးသားများတို့က ရှမ်းအမျိုးသားများကိုယ်စား လွှတ်တော်ကိုယ်စားလှယ် အမတ်များ ရွေးကောက်ခဲ့ခြင်း ကို ကြည့်လျှင် SNLD သည် ရှမ်းအမျိုးသားများအတွက် ရှမ်းလူမျိုးတို့၏ အကျိုးစီးပွားကို ဆောင်ရွက်ပေးမည့် နိုင်ငံရေးပါတီဖြစ်ကြောင်း ထင်ရှားပေါ်လွင်နေပါသည်။

သို့ဖြစ်၍ ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်၏ ကျင်းပပြုလုပ်သော နိုင်ငံလုံးဆိုင်ရာညီလာခံမှသည် ရှမ်းအမျိုးသားများတို့၏ လိုလားတောင့်တသော အမျိုးသားရေးမျှော်မှန်းချက်၊ နိုင်ငံရေးရည်မှန်းချက်တို့ကို အပြည့်အဝရရှိရန် ဦးဆောင်အကောင်အထည်ဖော်ပေးမည့် ပါတီခေါင်းဆောင်ကောင်းများ တို့ကို ဆောင်ကြဉ်းပေးလာပါစေဟု ဆုမွန်ကောင်း ဆန္ဒပြုရင်း နိုင်ငံပြုပြင်ပြောင်းလဲရေးဖြစ်သော အနာဂတ်ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးတွင်လည်း တိုင်းရင်းသားနိုင်ငံရေးပါတီများ၊ တိုင်းရင်းသား လက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများ အပါအဝင် ပတ်သက်သူများအားလုံး ပါဝင်သည့် နိုင်ငံရေးဆွေးနွေးအဖြေရှာသည့် နိုင်ငံရေးအခင်းအကျင်း တခုကို ရရှိအောင်ဖန်တီးကြပြီး အတူတကွလက်တွဲဆောင်ရွက်သွားမည်ဟု သံဓိဋ္ဌာန် ပြုရင်း ဤသဝဏ်လွှာအား ပေးပို့အပ်ပါသည်။

ဗဟိုအလုပ်အမှုဆောင်ကော်မတီ
ကေအဲန်ယူ- ကရင်အမျိုးသားအစည်းအရုံး
ဗဟိုဌာနချုပ်